## ၃။ ငှက်ပျောအမြစ်စားကျိုင်း

**Banana Weevil/Banana Root Borer: *Cosmopolites sordidus* (Germar, 1824)**

**Coleoptera: Cuculionidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**




အရွယ်မရောက်သေးသည့် လောက်ကောင်သည် နီညိုရင့်ရောင်ဦးခေါင်းရှိပြီး ခန္ဓာကိုယ်မှာအဖြူရောင်ရှိသည်။ ရုပ်ဖုံးမှထွက်ခါစအကောင်ကြီးမှာ တောက်ပပြီး အညိုရင့်ရောင်မှ မီးခိုးနက်ရောင်ထိရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**





လောက်ကောင်များသည် အမြစ်အတွင်းသို့ဝင်ရောက်ကာ စားသောက်ဖျက်ဆီးမှုကြောင့် အရွက်များ ညှိုးနွမ်းသွားသည်ကိုတွေ့ရသည်။ အမြစ်အတွင်းတွင် လှိုဏ်ခေါင်းများဖြစ်ပေါ်စေပြီး အပင်ကို သေစေပါသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၅-၇)ရက် |
| လောက်ကောင်အဆင့် | -(၇)ရက် |
| ရုပ်ဖုံး အဆင့် | -(၆-၈)ရက် |
| အကောင်ကြီး အဆင့် | **- (၁၅-၂၀)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)အမြစ်စားကျိုင်းကျရောက်ထားသော ငှက်ပျောပင်ခေါင်းအားလုံးမကျန် တူးထုတ်ပြီး ဖျက်ဆီး ပါ။

(၂)ကျန်းမာသန်စွမ်းသော အပင်ကိုရွေးချယ်စိုက်ပျိုးပါ။

(၃)စိုက်ခင်းအတွင်း မှိုးစာအဆိပ်သုံး၍ မြေကျင်းထောင်ချောက်တပ်ဆင်အသုံးပြုပါ။

(၄)အပင်ခြေတွင်ဖစ်ပရိုနေး(**Fipronil 3GR**) ထည့်ပါ။

(၅)ထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းစာအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူး ဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍ စနစ် တကျ ခူးဆွတ်ပါ။

- ကာဘာရိုင်း (Carbaryl)
- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda-Cyhalothrin)
- ဆိုင်ပါမီသရင် (Cypermethrin)